www.dhammadownload.com



ဝမ္မအသိဗြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၅၁)

မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

www.dhammadownload.com

မမွဒါနကုသိုလ်ရှင်



နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်



www.dhammadownload.com

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့်
ပုံနှိပ်ဖြန့်ဝေသည်

www.dhammadownload.com

မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်

မုတ်တမ်း

သာသနာတော်နှစ်-၂၅၆၁ ခုနှစ်၊ ကောဇာသက္ကရာဇ်-၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၂၀၁၈-ခုနှစ်၊ ဇန်နဝါရီလ-၁ ရက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ် ဓမ္မမဏ္ဍပ်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးသည့် သာသနာ့ပူဇော မြတ်မင်္ဂလာ နှစ်သစ်ကူး တရားအလှူတော် အထူးဓမ္မသဘင်အခမ်းအနား၌ ဟောကြားအပ်သော **"မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်"** တရားတော်။

နိုင်ငံတကာနှစ်သစ်ကူး ၂၀၁၈-ခုနှစ်၊ နှစ်ဦးမင်္ဂလာအခါမှာ ကျက်သရေအပေါင်းနှင့် ပြည့်စုံတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း ပြည်သူ့ဥယျာဉ် ဓမ္မမဏ္ဍပ်အတွင်း ဆင်ယင်ကျင်းပတဲ့ နှစ်ဦးတရားပွဲမှာ **"မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်ကို ဘယ်လို**

www.dhammadownload.com

တည်ထောင်ရတယ်” ဆိုတာကို မြတ်ဗုဒ္ဓရဲ့ အဆုံးအမ နှင့်အညီ ရှင်းလင်းဟောကြားမှာ ဖြစ်ပါတယ်။

မင်္ဂလာဆိုတဲ့စကားဟာ မြန်မာလူမျိုးတွေ နှစ်သက်တဲ့ စကားလုံး ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ အနှစ်သာရရှိတဲ့ မင်္ဂလာစကားလုံးကို ပိုင်ဆိုင်တဲ့ လူမျိုးတွေ ဖြစ်တယ်။ နှုတ်ဆက်ရင် “**မင်္ဂလာပါ**” ဆိုတဲ့စကားနဲ့ နှုတ်ဆက်ကြလို့ ဒီစကားလုံးဟာ မြန်မာလူမျိုးတွေရဲ့ ကိုယ်ပိုင်စကားလုံးလို ဖြစ်လာတယ်။ ဒါကြောင့် မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်ကိုတည်ထောင်ဖို့ ကြိုးစားကြရမှာဖြစ်တယ်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်း-၁၀၀၀ ကျော် အေဒီ-၁၁ ရာစုနှစ်လောက်ကစပြီး ယဉ်ကျေးမှုအနှစ်သာရအဖြစ် လူတို့ရဲ့ နှလုံးသားထဲ ရောက်ရှိလာတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်တွေဟာ ကနေ့အထိ ရှင်သန်နေတယ်။ မင်္ဂလာတရားဆိုတာ လူငယ်ကလေးကအစ အားလုံးသိနေကြတာဖြစ်တယ်။ မြန်မာနဲ့ မင်္ဂလာ၊ မြန်မာ့ယဉ်ကျေးမှုနှင့်မင်္ဂလာ ခွဲခြားလို့မရအောင် ရင်ထဲ

www.dhammadownload.com

နှလုံးထဲ စွဲမြဲနေတဲ့အရာဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာဟောကြားထားတဲ့ **"မင်္ဂလာတရား ၃၈–ပါး"** အထဲမယ် အရေးကြီးဆုံး မင်္ဂလာတရားနဲ့ နိုင်ငံတော်သစ်ကြီးကို တည်ထောင်မယ်ဆိုရင် ဖြစ်နိုင်တယ်။

ဘယ်မင်္ဂလာလဲဆိုရင် **ပဏ္ဍိတာနဉ္စ သေဝနာ–** အသိပညာရှင်၊ အတတ်ပညာရှင်၊ စိတ်ကောင်းနှလုံးကောင်းရှိကြတဲ့ သူတော်ကောင်းတွေနဲ့ ပူးပေါင်းခြင်းမင်္ဂလာဖြစ်တယ်။ နိုင်ငံသစ် တည်ထောင်ရာမှာ ပညာရှင်တွေနဲ့ တွဲဖက်အလုပ်လုပ်ခြင်းဟာ မင်္ဂလာအားလုံးကို ပြည့်စုံစေနိုင်တာ ဖြစ်သောကြောင့် တကယ့်ကိုအရေးကြီးတဲ့အချက်လို့ ဆိုရမှာဖြစ်ပါတယ်။

ကမ္ဘာဦးကာလ လူသားတွေရဲ့ လူ့သမိုင်းကို **အဂ္ဂညသုတ်**မှာ မြတ်ဗုဒ္ဓကိုယ်တိုင် ဟောပြောတော်မူခဲ့တယ်။ ကမ္ဘာဦးကာလမှာ လူတွေဟာ ကိုယ်ကျင့်တရား ကောင်းမွန်ကြတယ်။ ပြည်သူလူထုဆိုတဲ့ လူ့အစုတစ်စုတည်း အလွန်ညီညွတ်ပြီး အေးချမ်းသာယာစွာ နေလာခဲ့ကြတယ်။

www.dhammadownload.com

အဲဒီလိုနေလာတဲ့အခါ ကိုယ်ကျင့်တရား ပျက်ပြားလာတဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာခဲ့တယ်။ သည့်အတွက် လူ့ရဲ့ဂုဏ်သိက္ခာတွေ ကျဆင်းလာတာကို တားဆီးဖို့ လူတွေကတင်မြှောက်တဲ့ **"မဟာ သမ္မတ မင်း"** ဆိုတာ ပေါ်ပေါက်လာခဲ့တာဖြစ်တယ်။ **မဟာဇနေန သမ္မတောတိ မဟာသမ္မတော**–ပြည်သူလူထုက စိတ်တူညီတူ အသိအမှတ်ပြုတင်မြှောက်လိုက်တဲ့ခေါင်းဆောင်ကို **မဟာသမ္မတ**လို့ ခေါ်တာဖြစ်တယ်။ **မဟာသမ္မတ** ဟာ အသိပညာနဲ့လည်း ပြည့်စုံတယ်၊ အတတ်ပညာနဲ့လည်း ပြည့်စုံတယ်၊ စိတ်ကောင်း နှလုံးကောင်းရှိတယ်၊ တကယ့်ပညာရှိ သူတော်ကောင်းကြီးလဲဖြစ်တယ်။

အေး- လူ့လောကထဲမှာ လူ့ရဲ့ဂုဏ်သိက္ခာ ပျက်ယွင်းလာမှုတွေ ဘာက စတင်ဖြစ်ပေါ်လာသလဲလို့ ဆိုရင် **အဒိန္နာဒါန** ဆိုတဲ့ သူတစ်ပါးပိုင်ပစ္စည်းကို ရယူခြင်းပဲဖြစ်တယ်။

လူတွေဟာ ကိုယ်ကျင့်တရား ပျက်လာပြီဆိုရင် ကိုယ်မပိုင်တဲ့ပစ္စည်းကို မတရားရလိုမှု လောဘကို

www.dhammadownload.com

မထိန်းနိုင်ကြဘူး။ အများပိုင်ပစ္စည်း သို့မဟုတ် တခြားလူ ပိုင်တဲ့ပစ္စည်းကို ရယူတတ်တဲ့အကျင့်တွေ တစ်စ တစ်စ ဝင်ရောက်လာတယ်။ ကိုယ့်ပစ္စည်းမဟုတ်မှန်း သိလျက်နဲ့ သူများပစ္စည်းကို တစ်နည်းနည်းနဲ့ရယူတဲ့ အကျင့်ဆိုးဟာ လူ့အသိုင်းအဝိုင်းထဲမှာ ဖြစ်ပေါ်လာတယ်။ အဲဒီလို ဖြစ်ပေါ်လာတဲ့အခါ "ဒါဟာ အင်မတန်ဆိုးတဲ့ အကျင့်ပဲ၊ ဘာဖြစ်လို့ သူများပစ္စည်းကို ယူရသလဲ" လို့ လူ့အသိုင်းအဝိုင်းက ဝိုင်းဝန်းပြီး ရှုံ့ချကြတယ်၊ အပြစ်တင်ကြတယ်။ လူလူချင်း ရှုံ့ချအပြစ်တင်ခြင်းဆိုတဲ့ **"ဂရဟာ"** ဆိုတာ ဖြစ်ပေါ်လာခဲ့တယ်။

ဒါတင်မကဘူး၊ လူတွေဟာ မိမိရဲ့ပစ္စည်းဥစ္စာ မတရားယူတာကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တုတ်၊ မားစတဲ့ လက်နက်တွေကိုင်စွဲပြီး လူလူချင်းရန်မူတဲ့ အကျင့်ဆိုးတွေဟာလည်း ဖြစ်ပေါ်လာခဲ့တယ်။ ဒါ လူ့အသိုင်းအဝိုင်းထဲမှာ ရှေးဦးစွာပေါ်လာတဲ့ ကိုယ်ကျင့်တရား ပျက်ပြားမှုကြီးပဲဖြစ်တယ်။

www.dhammadownload.com

အဲဒီအချိန်မှာ လူသားတွေ တိုင်ပင်ဆွေးနွေးကြတယ်။ လူတွေရဲ့ dignity လူ့ဂုဏ်သိက္ခာ ပျက်ပြားလာပြီ၊ မကောင်းတဲ့အကျင့်ဆိုးတွေ လူ့အသိုင်းအဝိုင်းထဲ ရောက်လာပြီ၊ ဒါတွေကို တားမြစ်မှတော်မယ်။ တားမြစ်မယ့်ပုဂ္ဂိုလ်တစ်ယောက် တင်မြှောက်ကြရအောင်ဆိုပြီး **မဟာသမ္မတ**(လူထုခေါင်းဆောင်)ကို တင်မြှောက်ကြတယ်။ လူတိုင်းက ကြည်ညိုလေးစားပြီး အသိပညာရှိတဲ့ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်တင်မြှောက်ကြတယ်။

တင်မြှောက်တဲ့အခါမှာ သူ့ကို တာဝန်(၃)ရပ် ရွေးဦးစွာ အပ်နှင်းကြတယ်။ **(၁) သမ္မာ ခီယိတမ္ဗံ ခီယေယျ–** မကောင်းတာလုပ်တဲ့သူကို၊ အပြစ်ရှိတဲ့သူကို အပြစ်ရှိတယ်ဆိုတာ အပြစ်ထင်ရှားအောင် ထုတ်ဖော်ပြောဆိုဖို့။ **(၂) သမ္မာ ဂရဟိတမ္ဗံ ဂရဟေယျ–**စွဲချက်တင်ပြီးတော့ ပြစ်ဒဏ်သတ်မှတ်ပေးသင့်တဲ့ပုဂ္ဂိုလ်ကို ပြစ်ဒဏ်ပေးဖို့။ **(၃) သမ္မာ ပဗ္ဗာဇေတပ္ပံ ပဗ္ဗာဇေယျ–** လူ့အသိုင်းအဝိုင်းမှ နှင်ထုတ်ထိုက်တဲ့ပုဂ္ဂိုလ်ကို နှင်ထုတ်

www.dhammadownload.com

ဖို့လို့ဆိုတဲ့ ဒီအချက် (၃)ချက်ကို လူတွေက အာဏာ အပ်နှင်းလိုက်တယ်။

ပညာရှိပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ် ရဲ့လက်ထဲကို အာဏာ(၃)ရပ် အပ်နှင်းလိုက်တယ်။ အဲဒီ အာဏာ(၃)ရပ်က နံပါတ်(၁) အပြစ်ကို ဖော်ထုတ် ပေးဖို့။ နံပါတ်(၂) စွဲချက်တင်ဖို့နဲ့ နံပါတ် (၃) ပြစ်ဒဏ် ခတ်ဖို့ဆိုပြီး ဒီအချက်(၃)ချက်၊ ဥပဒေ(၃)ရပ်ကို စတင်ထုတ်ပြန်ခြင်းပဲဖြစ်တယ်။

အဲဒီလို ဖြစ်လာတဲ့အခါမှာ လူတွေက သူတို့ တင်မြှောက်လိုက်တဲ့ မဟာသမ္မတမင်းကို ကတိ ဝန်ခံချက်တစ်ခုပေးကြတယ်။ အားလုံးအတွက် တာဝန် ယူပြီး ပြည်သူတွေရဲ့အကျိုးကို ဆောင်ရွက်နေရလို့ ကိုယ်တိုင်လုပ်ကိုင်စားသောက်ဖို့ မအားလပ်တဲ့အတွက် ပြည်သူတွေက သူ့ကို ဆယ်ပုံတစ်ပုံ အခွန်ပေးပါ့မယ် လို့။ အခွန်ပေးတယ်ဆိုတာ ပြည်သူတွေက စတင် တောင်းဆိုခဲ့တဲ့အရာသာ ဖြစ်တယ်ပေါ့။ မဟာသမ္မတ မင်းကို တင်မြှောက်ပြီး ထို မဟာသမ္မတမင်းအတွက်

www.dhammadownload.com

လူထုက အခွန်ဆက်သခြင်း၊ ပေးခြင်းဆိုတဲ့ တာဝန်ကို ယူလိုက်ကြတယ်။

မဟာသမ္မတမင်းက လူတွေထဲမှာ မကောင်းတဲ့ အကျင့်ဆိုးတွေကို ဟန့်တားဖို့ တာဝန်ယူရတယ်။ ပြည်သူလူထုတွေက မဟာသမ္မတမင်းကို အခွန်ပေးအပ်ပါမယ်လို့ တာဝန်ယူတယ်။ လူသားတွေကိုယ်တိုင်က အခွန်ပေးမယ်လို့ ကတိပြုခဲ့တဲ့အရာသာဖြစ်တယ်ပေါ့။

ဒါကြောင့်မို့ ရှေးတုန်းကဆိုလို့ရှိရင် ဆယ်ပုံတစ်ပုံ၊ ဥပမာ- စပါး ၁၀-တင်းရလို့ရှိရင် ၁-တင်းကို တိုင်းပြည်အုပ်ချုပ်တဲ့ပုဂ္ဂိုလ်အတွက် ပေးအပ်ကြတယ်။ အဲဒီလိုနည်းနဲ့ ပြည်သူနဲ့ မဟာသမ္မတမင်း သို့မဟုတ် ပြည်သူနဲ့အစိုးရ၊ အစိုးရနဲ့ပြည်သူ လက်တွဲပြီး ကောင်းကျိုးချမ်းသာ ငြိမ်းချမ်းသာယာတဲ့ အနေအထားတစ်ခုကို ဖော်ဆောင်လာခဲ့ကြတယ်။

ဒါ ကမ္ဘာဦးကာလကအချိန်ကိုဖော်ပြတာ။ မြတ်စွာဘုရားကိုယ်တိုင် ဟောထားတဲ့ **အဂ္ဂည** (ကမ္ဘာဦး

www.dhammadownload.com

အကြောင်း သိကောင်းစရာ) သုတ္တန်မှာ ဒီအတိုင်းပဲ ရှင်းလင်းဟောကြားထားတယ်။ အဲဒီလို မဟာသမ္မတ မင်း ပေါ်လာပြီး နောက်ပိုင်းမှာ ခေတ်ပြောင်းတိုင်း အခြေအနေအရပ်ရပ်ဟာ ပြောင်းလဲလာခဲ့တယ်။ လူသားတွေရဲ့အခြေအနေဟာ ပိုပိုပြီး ယိုယွင်းလာတာတွေ ဖြစ်လာတယ်။ ထိုကဲ့သို့ ယိုယွင်းလာတဲ့အခါမှာ ဝိုင်းဝန်းထိန်းညှိပေးဖို့ လူ့အသိုင်းအဝိုင်းမှာ အစုကြီး (၄)စု သို့မဟုတ် မဏ္ဍိုင်ကြီး(၄)ရပ် ပေါ်ထွန်းလာခဲ့တယ်။ [ဒီကနေ့ပြောကြတဲ့ မဏ္ဍိုင်(၄)ရပ် မဟုတ်ဘူး။]

မြတ်စွာဘုရား ဒေသနာတော်အရ မဏ္ဍိုင်ကြီး(၄)ရပ်ဆိုတာ -

နံပါတ်(၁) ဘာသာတရား။

နံပါတ်(၂)က အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပညာရှိ သူတော်ကောင်းများ။

နံပါတ်(၃) နိုင်ငံကို အုပ်ချုပ်တဲ့ အစိုးရနဲ့

နံပါတ်(၄) ပြည်သူလူထု။

www.dhammadownload.com

တိုင်းပြည်တစ်ပြည် သာယာဝပြောဖို့အတွက် ဒီမက္ကိုင်(၄)ရပ် ပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်သွားကြရတယ်။ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။

မြတ်စွာဘုရားဟောတဲ့ မင်္ဂလာတရားကို အခြေခံပြီး တိုင်းသစ် ပြည်သစ် နိုင်ငံသစ်ကို ဒီစနစ်နဲ့ တည်ထောင်မယ်ဆိုရင် တရားမျှတ အေးချမ်းသာယာပြီး ကြီးပွားတိုးတက်တဲ့နိုင်ငံဖြစ်မယ်ဆိုတာ ထင်ရှားပါတယ်။

မင်္ဂလာတရားဆိုတာ ဘယ်ဘာသာ ဘယ်လူမျိုး ဘယ်အသိုင်းအဝိုင်းကမဆို အားလုံး လက်ခံကျေနပ်နိုင်တဲ့ တရားပဲဖြစ်တယ်။ လမ်းမှန်ပေါ်ရောက်အောင်၊ စိတ်နှလုံး အေးချမ်းသာယာအောင် ဘာသာတရားရဲ့ အဆုံးအမက ဖော်ဆောင်ပေးတာပဲဖြစ်တယ်။

အဲဒီလို ဘာသာတရားနဲ့ ဖော်ဆောင်ပေးလို့ လူတွေ စိတ်နှလုံးအေးချမ်းလာတဲ့အခါ ရိုင်းပျလိုစိတ်တွေ မရှိဘဲ လွန်စွာယဉ်ကျေးပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ရောက်လို့၊ နိမ့်ကျသွားတဲ့ ပုဂ္ဂိုလ်တွေ

www.dhammadownload.com

အပေါ်မှာ အကြင်နာတရားထားလို့၊ လူသားအချင်းချင်း တိုးတက်လာလို့ရှိရင်လည်း ဝမ်းသာအဲလဲဖြစ်လို့၊ တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်လို့ တည်ငြိမ်သော စိတ်နေသဘောထား၊ ရင့်ကျက်သော စိတ်နေသဘောထားနဲ့ ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်တယ်။ ဘာသာတရားနဲ့စုစည်းထိန်းကြောင်းပေးလျှင် ငြိမ်းချမ်းစေတတ်တဲ့ စိတ်နှလုံးကိုရရှိကြမှာဖြစ်တယ်။ ငြိမ်းချမ်းဖို့အတွက် ဘာသာတရားရဲ့ အဆုံးအမ လိုအပ်တယ်ဆိုတာ အင်မတန်မှထင်ရှားတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမတွေကြည့်။

ပရဒုက္ခူ ပဓာနေန၊

အတ္ထာနော သုခ မိစ္ဆတိ။

"သူများကို ဒုက္ခပေးပြီး ကိုယ်ချမ်းသာဖို့ ကြိုးစားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ချမ်းသာသုခ မရဘူး" လို့ဆုံးမတာဖြစ်တယ်။ သူများကို ဒုက္ခပေးပြီး ကိုယ့်ရဲ့ချမ်းသာသုခကိုမရှာဖို့ ဘာသာတရားက ဆုံးမတာဖြစ်တယ်။

www.dhammadownload.com

သုခကာမာနိ ဘူတာနိ၊
ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ မေသာနော၊
ပေစ္စသော နလာဘတေ သုခံ။

"ချမ်းသာသုခကို ရချင်ကြတဲ့ သတ္တဝါတွေကို ဒုက္ခ ပေးပြီး ကိုယ့်ချမ်းသာမှုကိုရှာမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သောအခါမှ ချမ်းသာသုခမရဘူး" တဲ့။

ဒီအဆုံးအမတရားတော်တွေဟာ ကိုယ်ချင်းစာ တရား အခြေခံထားပြီး မှန်ကန်တဲ့လမ်းကြောင်းက ချမ်းသာသုခကို ရှာဖို့အတွက် မြတ်စွာဘုရားက ဟောကြားဆုံးမတာဖြစ်တယ်။ ဒါကြောင့် ဘာသာ တရားရဲ့ အဆုံးအမဆိုတာ အင်မတန်မှ အရေးကြီး တယ်။

မင်္ဂလသုတ်မှာ ကြီးပွားတိုးတက်ချင်တယ် ဆိုလို့ ရှိရင် "အသိဉာဏ်ကင်းမဲ့ပြီး ထင်ရာလုပ်တတ်တဲ့ ပုဂ္ဂိုလ် တွေနဲ့ တွဲဖက်ပြီးအလုပ်မလုပ်နဲ့။ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ် နဲ့ တွဲဖက်ပြီး အလုပ်လုပ်။ လူ့အသိုင်းအဝိုင်းထဲမှ

www.dhammadownload.com

လူတော်လူကောင်းတွေကို ရွေးချယ်အသိအမှတ်ပြု။" စာပေနဲ့ ပြောမယ်ဆိုရင်-

အသေဝနာ စ ဗာလာနံ၊

ပဏ္ဍိတာနဉ္စ သေဝနာ။

ပူဇာ စ ပူဇနေယျာနံ ဆိုတာ ဒီအချက်ကိုပြောတာ။ လူ့အသိုင်းအဝိုင်းထဲမှာ တော်တဲ့လူကို တော်သလို ချီးမြှောက်တာ **ပူဇာ**။ ပူဇော်တယ်ဆိုတာ တော်ရင် တော်သလို ချီးမြှောက်ပြီးဂုဏ်ပြုတာ။ ရွေးချယ် ဂုဏ်ပြုတာ။ ဒီလိုဆိုလိုတယ်ပေါ့နော်။

အလုပ်လုပ်ပြီ ဆိုတဲ့အခါမှာ လူကိုခင်သည်ဖြစ်စေ၊ မခင်သည်ဖြစ်စေ၊ အမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ အလုပ်တစ်ခုကို ဖော်ဆောင်ပြီဆိုရင် အသိပညာ၊ အတတ်ပညာရှိတဲ့ ပုဂ္ဂိုလ်နဲ့သာတွဲဖက်ပြီး အလုပ်လုပ်ရမယ်။ အသိဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လောက်ပဲ ကိုယ်နဲ့ရင်းနှီးရင်းနှီး သူ့အကြံတွေကိုယူပြီး အလုပ်လုပ်ရင်အလွဲလွဲ အချော်ချော်နဲ့ ဒုက္ခရောက်နိုင်တယ်။

www.dhammadownload.com

ဒါကို မြတ်စွာဘုရားက **အသေဝနာ စ ဗာလာနံ–** အသိဉာဏ်ပညာကင်းမဲ့တဲ့ပုဂ္ဂိုလ်နဲ့ တွဲဖက်ပြီးမလုပ်နဲ့။ (**ဗာလ**ကို လူမိုက်လို့ ဘာသာပြန်တဲ့အခါမှာ မြန်မာစကားမှာ လူဆိုးလူမိုက်ဆိုတဲ့ အဓိပ္ပာယ်လို့ လူတွေက ထင်မှတ်သွားကြတယ်။ ဆိုလိုတာက **ဗာလ** ဆိုတာ အသိပညာ ကင်းမဲ့သူ၊ ပညာမရှိသူလို့ ဒီလိုဆိုလိုတယ်။) ပညာမရှိရင် အလွဲလွဲ အမှားမှား လုပ်တတ်တယ်။ ဒါကြောင့်မို့ ပညာရှိဖို့ အရေးကြီးတယ်။ **ပဏ္ဍိတ** ဆိုတာ အရာရာမှာ စဉ်းစဉ်းစားစား၊ ဆင်ဆင်ခြင်ခြင်၊ အမြော်အမြင်ရှိရှိ လုပ်တတ်တဲ့ပုဂ္ဂိုလ်ကိုခေါ်တယ်။ အဲဒီ **ပဏ္ဍိတ**လို့ခေါ်တဲ့ အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ တွဲဖက်ပြီး အလုပ်လုပ်ပါလို့ ဒီလို ပြောလိုရင်းဖြစ်တယ်။ အေး- လူ့အသိုင်းအဝိုင်းထဲမှာ **ပူဇာ စ ပူဇနေယျာနံ–** ဂုဏ်ပြုထိုက်တဲ့ပုဂ္ဂိုလ်တွေကို ဂုဏ်ပြုပါ။ ဒါဟာ အရေးကြီးဆုံး မြတ်ဗုဒ္ဓဆုံးမထားတဲ့ မင်္ဂလာပဲ။

www.dhammadownload.com

ဒီ မင်္ဂလာတရားကို ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ကိုယ့်အသိုင်းအဝိုင်းမှာ ကိုယ်လက်ခံနိုင်တဲ့ အရာတွေသာဖြစ်တယ်။ ငြင်းပယ်စရာအကြောင်း တစ်ခုမှမရှိဘူး။ တကယ်လိုက်နာလို့ရှိရင် တကယ်ကြီးပွားတိုးတက်နိုင်တဲ့အရာသာဖြစ်တယ်။ ဒီ့ထက် တိုးတက်လာဖို့ အတွက် ကြိုးစားရမယ့်အချက်တွေကိုလည်း မြတ်စွာဘုရားက မင်္ဂလာတရားတော်မှာ ဆက်လက်ပြီးတော့ ဟောထားတာ အားလုံးသိကြတယ်နော်။

အဲဒီလို ဘာသာတရားဟာ မတိမ်းစောင်းအောင် လမ်းကြောင်းကို ဖြောင့်ပေးတယ်။ အဲဒီ ဘာသာတရားကို ဦးဆောင်ဟောကြားတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိကိုယ်တိုင်က ကိုယ်ကျင့်တရားနှင့်အညီနေဖို့ဟာ အရေးကြီးတယ်။

မြတ်စွာဘုရားက **အသညတော ပမ္ဖဒိတော နသာဓု**–ဘာသာတရားဟောပြောနေတဲ့ပုဂ္ဂိုလ် ဖြစ်လျက်နဲ့ စောင့်စည်းမှုကင်းတယ်၊ ကိုယ်ကိုယ်တိုင်က မကောင်းတဲ့ စိတ်နေသဘောထားတွေ၊ မကောင်းတဲ့

www.dhammadownload.com

အပြောအဆိုတွေ၊ နှုတ်ကိုစောင့်စည်းခြင်း၊ ကိုယ်အမူအရာကို စောင့်စည်းခြင်းလို့ဆိုတဲ့ စောင့်စည်းမှုတွေ ကင်းမဲ့မယ် ဆိုလို့ရှိရင် မသင့်တော်ဘူးတဲ့။

ဘာသာတရား ဟောပြောတဲ့ ပုဂ္ဂိုလ်ဆိုတာ အရာရာမှာ စောင့်စည်းရမှာဖြစ်တယ်။ အပြောအဆို ဆင်ခြင်ရတယ်၊ အလုပ်အကိုင်ဆင်ခြင်ရတယ်၊ အသွားအလာ အနေအထိုင် အကုန်ဆင်ခြင်ရမယ်လို့ ဒီလိုဆိုတယ်။ မဆင်ခြင်ဘူးဆိုရင် ကိုယ်ကျင့်တရား လွှင့်ပါးပျက်ယွင်းခြင်းပဲဖြစ်တယ်ပေါ့။ ဆိုပါစို့- အပြောအဆိုနဲ့ ပတ်သက်လာလို့ရှိရင် မြတ်စွာဘုရား ဆုံးမထားတာရှိတယ်။ ဘုရားကိုယ်တိုင်ပဲ လိုက်နာကျင့်သုံးတဲ့အချက်ရှိတယ်။

ပြောပြီဆိုလို့ရှိရင် ကိုယ်ပြောတဲ့အကြောင်းအရာသည် (၁) မှန်ကန်တာဖြစ်ရမယ်၊ မမှန်တာကို မပြောရဘူး၊ ကိုယ်ပြောတဲ့စကားသည် မှန်တဲ့စကားပဲ ဖြစ်ရမယ်။ မမှန်တဲ့စကား မဖြစ်စေရဘူး။ ဒါဖြင့် မှန်ရုံနဲ့ ပြောရမလား ဆိုလို့ရှိရင် မပြောရဘူးတဲ့။ မှန်ရုံနဲ့လည်း

www.dhammadownload.com

မပြောရသေးဘူး။ နောက်တစ်ခု ဆက်စဉ်းစားရမှာ ဘာလဲ။ (၂) ငါပြောတဲ့စကားဟာ အများအတွက် အကျိုးရှိသလား၊ အကျိုးရှိတယ်ဆိုမှ ပြောရမယ်။ အကျိုးမရှိဘူးဆိုရင် မပြောရဘူး။ ဟုတ်ပြီ၊ မှန်လည်း မှန်တယ်၊ အကျိုးလည်းရှိတယ်၊ ပြောရတော့မလား ဆိုရင် ပြောသင့်တဲ့အချိန်ကြည့်ဦး၊ (၃) ပြောသင့်တဲ့ အချိန်ကျပြီဆိုမှပြော၊ အချိန်မကျဘဲပြောရင် တန်ဖိုး ရှိတဲ့ စကားပဲဖြစ်စေ ပျက်ပြယ်သွားတတ်တယ်။ မှန် လည်းမှန်တယ်၊ အကျိုးလည်းရှိတယ်၊ ပြောဖို့လည်း အချိန်တန်လာပြီဆိုမှ ပြောပါတဲ့။

ဟုတ်ပြီ၊ ပြောတဲ့အခါမှာ ဘယ်လိုပြောရမလဲ၊ ဘယ်လိုအသုံးအနှုန်းနဲ့ပြောရမလဲဆိုရင် (၄) ယဉ်ကျေး သိမ်မွေ့တဲ့ စကားလုံးနဲ့ပြောပါ။ ရိုင်းစိုင်းတဲ့စကားလုံးနဲ့ မပြောပါနဲ့။ ဒါဖြင့် ယဉ်ကျေးတယ်၊ မယဉ်ကျေးဘူး ဆိုတာ စကားအပေါ်ယံကလေးက လုပ်လို့ရတယ်။ စကားကို ချိုလို့ရတယ်၊ စိတ်နေသဘောထားရော ဘယ်လိုထားရမလဲဆိုရင် (၅) **မေတ္တာ စိတ္တေန**–မေတ္တာ

www.dhammadownload.com

စိတ်နဲ့ပြောပါတဲ့။ **နဒေါသန္တရော**–မုန်းတီးတဲ့စိတ်နဲ့ မပြောပါနဲ့။ ဟော- ဒါ ဘာသာတရားရဲ့ အဆုံးအမပဲ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ အင်မတန်မှ ပြီးပြည့်စုံတယ်။ တိုင်းပြည်တစ်ပြည်မှာ လူကောင်း သူကောင်းဖြစ်ဖို့ ဘာသာတရားရဲ့လမ်းညွှန်မှု၊ ဆုံးမမှု ဆိုတာ အင်မတန်မှအရေးပါတယ်လို့ ဒီလိုဆိုလိုတာ။ ဘာသာတရားရဲ့ အဆုံးအမကြောင့် ဒီ လမ်းကြောင်း အတိုင်း လျှောက်လှမ်းလို့ရှိရင် ကိုယ်လျှောက်လှမ်းတဲ့ လမ်းဟာ မှန်ကန်တဲ့လမ်းကြောင်းဖြစ်လို့ ကြီးပွား တိုးတက်မှု ဖြစ်ပေါ်စေနိုင်မှာဖြစ်တယ်။

အဲဒီလို အကြောင်းတရား မှန်မှန်ကန် စဉ်းစား ဆင်ခြင်တတ်ဖို့ လူသားတွေရဲ့ စိတ်နှလုံးထဲ အေးမြပြီး ယဉ်ကျေးသွားဖို့ ဘာသာတရားရဲ့ အဆုံးအမဟာ အရေးကြီးတယ်လို့ ဒီလိုဆိုတယ်။ မဏ္ဍိုင်ကြီး(၄)ရပ် ထဲမှာ ဘာသာတရားဟောပြောသူဟာ ပထမမဏ္ဍိုင် ဖြစ်တယ်။

www.dhammadownload.com

ဘာသာတရားရဲ့ အဆုံးအမနှင့်အညီ နိုင်ငံသစ်ကို ထူထောင်တဲ့အခါ ဘယ်သူတွေဟာ ဒုတိယအရေးကြီးဆုံးလဲဆိုရင် **ပညာရှင်တွေဟာ အရေးကြီးဆုံးပဲ။** မြန်မာနိုင်ငံမှာလည်းပဲ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ ထူးခြားထက်မြက်တဲ့ပုဂ္ဂိုလ်တွေ။ ဆိုပါစို့၊ စီးပွားရေး ပညာရှင်တွေ၊ အစစအရာရာ လူမှုရေးနဲ့ ပတ်သက်တဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ နိုင်ငံရေး ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ စကားပြော ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်တွေ မြန်မာနိုင်ငံမှာ ရှိပါတယ်။ အဲဒီလို အသိပညာရှင်၊ အတတ်ပညာရှင်တွေဟာ အင်မတန်မှ အရေးပါတယ်။

တိုင်းပြည်ကို ကြီးပွားတိုးတက်အောင် ပညာရှိတို့ရဲ့ အကြံကောင်းဉာဏ်ကောင်းဟာ သိပ်အရေးပါတယ်။ ပညာရှိတွေက လမ်းညွှန်တဲ့အတိုင်း ပညာရှိတွေနဲ့ တွဲဖက်ပြီး အခက်အခဲတွေကို ကျော်လွှားအောင် ကြိုးစားကြရမှာဖြစ်တယ်ပေါ့။ အဲဒီ ပညာရှင်တို့ရဲ့ စကားကို အလေးထားပြီး ဆောင်ရွက်ကြရတယ်။ ဘယ်

www.dhammadownload.com

နိုင်ငံမှာပဲဖြစ်ဖြစ် တိုးတက်ကြီးပွားလာတယ်ဆိုတာ အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ ကင်းပြီးတော့ တိုးတက်ကြီးပွားလာတဲ့ နိုင်ငံဆိုတာ မရှိပါဘူး။ တိုင်းပြည်တိုင်းမှာ ကောင်းကျိုးချမ်းသာရအောင် အကြံပေးနိုင်တဲ့ ပညာရှိအဖွဲ့ဆိုတာ ရှိကိုရှိတယ်။ အဲဒီပညာရှင်တွေရဲ့ လမ်းပြမှု၊ ထိုပညာရှင်တွေရဲ့ Guide Line ကို ယူပြီး လုပ်ကိုင်ဆောင်ရွက်ကြရမယ်။ ပညာရှင်တွေဟာ တိုင်းပြည်တိုးတက်ဖို့ရာအတွက် ထူးခြားတဲ့ ရှေ့ဆောင်လမ်းပြ အလင်းရောင်ပေးတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်တယ်။ ဒါကြောင့်မို့ ပညာရှင်တွေကို အလေးပေးပြီး လုပ်သင့်တာနဲ့ မလုပ်သင့်တာ ဒါကို စဉ်းစားကြရမှာဖြစ်တယ်။

လောကမှာ မလုပ်သင့်တာလုပ်မိရင် အပြစ်ဖြစ်သလို လုပ်သင့်တာကိုမလုပ်ဘဲနေမိရင်လည်း အပြစ်ဖြစ်တတ်တယ်။ ဒါကြောင့် အပြစ်မဖြစ်ဖို့၊ ကောင်းကျိုးချမ်းသာတွေရဖို့ ပညာရှိတို့၏ အဆုံးအမဆိုတာ အင်မတန်မှ အရေးကြီးတယ်ပေါ့။

www.dhammadownload.com

ငါးရာ့ငါးဆယ် ဇာတ်တော်ထဲမှာ တိုင်းပြည်ရဲ့ အန္တရာယ်ကြုံလာတဲ့အခါမှာ **မဟောသဓပဏ္ဍိတ** (မဟော်သဓာ သုခမိန်) ပညာရှိရဲ့ အစွမ်းသတ္တိကြောင့် စစ်အင်အား ဘယ်လောက်ပဲကြီးကြီး၊ သူ့နိုင်ငံကို ဘယ်လိုပဲ အနိုင်ကျင့်ကျင့် ပညာရှိရဲ့စွမ်းအားနဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့တယ်။

ထို့အတူပဲ စူဠကာလိင်္ဂဇာတ်မှာ အဿကမင်းနဲ့ ကာလိင်္ဂမင်းတို့ စစ်ဖြစ်ရာမှာ စစ်အင်အားချင်း မယှဉ်နိုင်လောက်အောင် ကာလိင်္ဂမင်းက သာလွန်တယ်။ အဿကမင်းရဲ့နိုင်ငံဟာ သေးငယ်ပြီး စစ်အင်အားက အင်မတန်မှနည်းပါးတယ်။ သို့သော် နှစ်ဖက်ယှဉ်ပြိုင် စစ်တိုက်ကြတဲ့အခါမှာ နန္ဒိသေန ပညာရှိပုဂ္ဂိုလ်ရဲ့ အကြံဉာဏ်နဲ့ ဆောင်ရွက်လို့ စစ်အင်အားကြီးမားတဲ့ ကာလိင်္ဂမင်းကို အနိုင်ရလိုက်တယ်။ ဘာဖြစ်လို့ အနိုင်ရလိုက်သလဲဆိုရင် ပညာရှိပုဂ္ဂိုလ်ရဲ့ စွမ်းဆောင်မှုကြောင့် ဖြစ်တယ်။

www.dhammadownload.com

ဒါကြောင့်မို့ တကယ့်နိုင်ငံသစ်ကို တည်ထောင်ပြီဆိုရင် ပညာရှိတွေကို ရှေ့တန်းတင်ပြီး ပညာရှိတွေရဲ့ ရှေ့ဆောင်လမ်းပြမှုနဲ့ သွားကြရမှာဖြစ်တယ်။ အဲဒီ ပညာရှင်တွေကို ရှေ့တန်းတင်ပြီးတော့ ပညာရှင်တွေရဲ့ ပြောဆိုလမ်းညွှန်မှုအတိုင်း တိုင်းပြည်ကို ဖော်ဆောင်သွားမယ်ဆိုရင် နိုင်ငံဟာ ကြီးပွားတိုးတက်လာမှာဖြစ်တယ်။

ပညာရှိဆိုတဲ့ ပုဂ္ဂိုလ်ကိုလည်း မြတ်စွာဘုရားက သတိပေးတယ်။

"ယော ပဏ္ဍိတော ကောဓနော
တံ နု သာဓု"

ပညာရှိဆိုတဲ့ပုဂ္ဂိုလ်ဟာ အမျက်မထွက်ရဘူး၊ စိတ်မကောက်ရဘူး၊ တိုင်းပြည်ကြီးပွားဖို့အတွက် အမျက်ဒေါသထွက်ပြီး ဘေးထွက်ပြီး မထိုင်ရဘူး။ အဲဒီလို ပညာရှိဆိုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ အမျက်ဒေါသကို ထိန်းချုပ်ခြင်း ဆိုတာတွေနဲ့ ပြည့်စုံပြီး မိမိနိုင်ငံ ကြီးပွားတိုးတက်ဖို့အတွက်

www.dhammadownload.com

နားလည်သည်အထိအောင် ဦးဆောင်မှု၊ လမ်းညွှန်မှုကို ပေးတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

မဏ္ဍိုင်ကြီး(၄)ရပ်ထဲမှာ ပညာရှိရဲ့ အခန်းကဏ္ဍ ဟာ အင်မတန်မှကြီးမားတယ်။ ဒါကြောင့်မို့ ကြီးမား လှတဲ့ အခန်းကဏ္ဍမှာရှိတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ စိတ်တိုသူ မဖြစ်ရဘူး၊ အမျက်ဒေါသကြီးသူ မဖြစ်ရဘူး၊ စိတ်ရှည် သည်းခံပြီး အငြိုးအတေး မထားဘဲ မိမိပညာစွမ်းအား ဖြင့် တိုင်းပြည်တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင် တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

ဘာသာတရားဟောကြားသူ ပြီးလို့ရှိရင် ပညာရှိ ပုဂ္ဂိုလ်ဟာ အရေးအကြီးဆုံးပဲ။ စီးပွားရေးနဲ့ ပတ်သက် လာရင် စီးပွားရေးပညာရှင်၊ တခြားအရေးအရာတွေနဲ့ ပတ်သက်လာလို့ရှိရင်လည်း ဆိုင်ရာဆိုင်ရာ အသိပညာ ရှင်၊ အတတ်ပညာရှင်၊ ဒီပညာရှင်တွေရဲ့ အခန်းကဏ္ဍ ဟာ အရေးကြီးတယ်လို့ ဒီလိုဆိုတယ်။

တိုင်းပြည်မှာ ပြည်သူလူထုနဲ့ အစိုးရဟာ တတိယ နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်တယ်။ ပြည်သူလူထုကို မြတ်စွာ

www.dhammadownload.com

ဘုရားက လမ်းညွှန်ပြတယ်။ **"အလသော ဂိဟီ ကာမဘောဂီ နံ သာဓု"** ပြည်သူလူထုဟာ အလုပ်မလုပ်ဘဲနဲ့ ပျင်းနေမယ် ဆိုလို့ရှိရင် ဘာတစ်ခုမှ ဖြစ်လာမှာမဟုတ်ဘူးတဲ့။ ဒါကြောင့်မို့ ပြည်သူလူထုဟာ အလုပ်ကြိုးစားရမယ်လို့ ဆိုလိုတယ်။ ကြိုးစားပမ်းစား အလုပ်လုပ်ကြရမှာဖြစ်တယ်။ မိမိတို့ တတ်စွမ်းရှိသမျှ ပညာရှိတွေရဲ့ အကြံကောင်းဉာဏ်ကောင်းကိုယူခြင်း၊ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ နေထိုင်ခြင်းဖြင့် မိမိတို့ ဘဝ သာယာလှပအောင် နေ့စဉ်နဲ့အမျှ ကြိုးစား အလုပ်လုပ်ကြရမှာ ဖြစ်တယ်။ တိုင်းပြည်တစ်ပြည်ဟာ ပြည်သူလူထုတွေ အလုပ်ကြိုးစားလုပ်လို့ ပြည်သူလူထုထဲက ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ ပေါ်လာရင် တိုင်းပြည်ချမ်းသာတာပဲ။ လူတစ်ယောက်ချမ်းသာတယ်ဆိုရင် တိုင်းပြည်ချမ်းသာတာပဲ။

အများပြည်သူလူထုသည် ကြိုးစားရမှာဖြစ်တယ်။ ပျင်းလို့ရှိရင်တော့ အောင်မြင်ကြီးပွားမှာ မဟုတ်ဘူး။ မြတ်စွာဘုရားက ဒီလိုဟောတယ်။ စီးပွားဥစ္စာတိုးတက်

www.dhammadownload.com

အောင် ပြည်သူလူထု ဆောင်ရွက်ကြရမှာဖြစ်တယ်။

စီးပွားဥစ္စာတိုးတက်ဖို့အတွက် ဘာအရေးကြီးလဲ ဆိုရင် မြတ်စွာဘုရားက **"ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ"** တက်တက်ကြွကြွနဲ့ ကြိုးစားရှာဖွေခြင်းဟာ စီးပွားဥစ္စာ ရခြင်းရဲ့ အကြောင်းပဲဖြစ်တယ်။

မြန်မာနိုင်ငံမှာ တခို့ပုဂ္ဂိုလ်တွေ နားလည်နေတာက လောဘကြီးမှ ချမ်းသာတယ်လို့ နားလည်နေကြတယ်။ လောဘကြောင့် ဘယ်တော့မှမချမ်းသာပါဘူး၊ ချမ်းသာခြင်း၏အကြောင်းက အသိပညာနဲ့ လုံ့လ ဝီရိယပဲ။ ချမ်းသာတဲ့နိုင်ငံတွေဟာ လောဘရှိလို့ ချမ်းသာတာ မဟုတ်ဘူး၊ အသိပညာနဲ့ ဝီရိယရှိလို့ ချမ်းသာတာ။ ဒါကြောင့်မို့ ပညာတတ်အောင် ပညာရှိတွေထံမှာ နည်းခံရတယ်။ မိမိကိုယ်တိုင် ပညာရှိအောင် ကြိုးစားရတယ်။ ပညာရထားသည့်အတိုင်း အလုပ်လုပ်ကြရတယ်။

မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာတော်တွေထဲမှာ စီးပွားဥစ္စာ တိုးတက်မြင့်မားချင်ရင် ဘာ

www.dhammadownload.com

လုပ်ရမလဲ၊ **"ဥဇ္ဈာန သမ္မဒါ"** တက်တက်ကြွကြွ လုံ့လ ဝီရိယနဲ့ ပြည့်စုံရမယ်လို့ဟောတာ၊ လောဘကြီးရမယ်လို့ ဟောတာမရှိဘူး။ တက်တက်ကြွကြွ လုံ့လ ဝီရိယ ရှိရမယ်လို့ ဒီလိုဟောတာ။ ပျင်းတိပျင်းရော် မလုပ်ရဘူး၊ အလုပ်လုပ်တဲ့အချိန်မှာ ဖင့်နှေးမနေရဘူး။ ဘယ်အလုပ်ပဲလုပ်လုပ် တက်ကြွရမယ်။ ဆိုပါစို့-နေ့စဉ် ရုံးသွားတာကစပြီး စောစောရောက်အောင်သွားမယ်၊ ရုံးလုပ်ငန်းကို ဖိဖိစီးစီးလုပ်မယ်၊ အချိန်ဖြုန်းမနေဘူး၊ ကိုယ်လုပ်ရမယ့်အလုပ်ကို တက်တက်ကြွကြွ လုပ်ဆောင်ရမယ်။ ကုမ္ပဏီဝန်ထမ်းဆိုလည်း ကုမ္ပဏီအလုပ်ကို တက်တက်ကြွကြွ လုပ်ရမယ်။ ကိုယ့်အလုပ်လစ်ဟင်းမှုမရှိအောင် ကြိုးစားအားထုတ်ရမယ်။

ဝန်ထမ်းဖြစ်ရင် ဝန်ထမ်းဝီဝီ အလုပ်ကို တက်တက်ကြွကြွ၊ သေသေသပ်သပ် ကြိုးစားရမယ်။ ဘယ်အလုပ်ပဲလုပ်လုပ် စေ့စေ့စပ်စပ်၊ တက်တက်ကြွကြွ ကြိုးစားအားထုတ်ရမှာပဲ ဖြစ်တယ်ပေါ့။ ကြိုးစားအားထုတ်မှုမရှိဘူးဆိုရင် ပေါ့လျော့မှုကြောင့်

www.dhammadownload.com

ဖြစ်ပေါ်လာမယ့် အကျိုးဆက်ဟာ ဒုက္ခရောက်ခြင်း၊ အဆင်မချောခြင်းဖြစ်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက **"အလသော ဂိဟီ ကာမဘောဂီ နံ သာဓု"** ပြည်သူလူထုဟာ ပျင်းလို့ရှိရင် မကောင်းဘူး။ ဒါကြောင့် ပြည်သူတွေ မပျင်းရဘူး၊ အလုပ်များများလုပ်ကြရမယ်လို့ ဒီလိုဆိုလိုတယ်ပေါ့။ ကြိုးကြိုးစားစား အလုပ်လုပ်ခြင်းအားဖြင့် တိုင်းပြည်ဟာ တိုးတက်ကြီးပွားလာမယ်။

ကြိုးစားအားထုတ်ပြီး ရှာဖွေရမယ်။ ရှာဖွေပြီးတဲ့အခါ ရလာတဲ့ပစ္စည်းကို **"အာရက္ခသမ္မဒါ"** အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။

မြန်မာနိုင်ငံမှာ အများစု ကြည့်လိုက်မယ်ဆိုရင် အသုံးနဲ့အဖြုန်းနှစ်မျိုးတွင် အဖြုန်းက များနေတယ်လို့ ထင်တယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောကြားတဲ့ တရားကို လိုက်နာကျင့်သုံးသင့်တယ်။ အဖြုန်းမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တယ်။ အသုံးလား၊ အဖြုန်းလားဆိုတာ ကွဲပြားခြားနားစွာသိပြီး

www.dhammadownload.com

မိမိအတွက် တန်ဖိုးရှိရှိ အသုံးတစ်ခု ဖြစ်ဖို့အတွက် အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး အသုံးကိုသုံးပြီး အဖြုန်းမဖြစ်အောင် ကြိုးစားအားထုတ်ကြရမယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက **သိဂါလောဝါဒသုတ်**မှာ မိသားစုဘတ်ဂျက်စနစ် ညွှန်ကြားထားတာရှိတယ်။ **"စတုမာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရ မာဝသံ"** အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပဂ္ဂိုလ်ဟာကိုယ့်ရဲ့ဝင်ငွေကို အပိုင်းလေးပိုင်း သတ်မှတ်ထားပါ။ အဲဒီ အပိုင်းလေးပိုင်းမှာ-

ဧကေန ဘောဂံ ဘုဉ္ဇေယျ၊
ဒ္ဝီဟိ ကမ္မံ ပယောဇယေ၊
စတုတ္ထဉ္စ နိဓာပေယျ၊
အာပဒါသု ဘဝိဿတိ။

လေးပုံပုံ တစ်ပုံကို နေ့စဉ်အသုံးပြုပါ။ ကျန်တဲ့ နှစ်ပုံကို အရင်းအနှီးတိုးပွားအောင် စီးပွားရေးမှာ အသုံးချပါ။ နောက်ဆုံး လေးခုမြောက်တစ်ပုံကိုတော့

www.dhammadownload.com

ဘေးရန်ကြုံလာတဲ့အခါ စုငွေအနေနဲ့ထားပါလို့ မြတ်စွာဘုရားကဟောတယ်။

ဘုန်းကြီးတို့ဆီလာတဲ့ လူငယ်လူရွယ်တွေ မေးကြည့်တယ်၊ ရတဲ့ငွေထဲက ဘယ်လောက်စုသလဲလို့။ မစုတဲ့လူကများတယ်။ စုထားရမယ်၊ စုဆောင်းနိုင်ရမယ်။ မစုလို့ရှိရင် မကြီးပွားဘူး။ ခြတွေ၊ ပျားတွေ ရတာမစုဆိုရင် ခြတောင်ပို့ မဖြစ်ဘူး၊ ပျားအုံ ဆိုတာလည်း မဖြစ်ဘူး။ စုနိုင်လို့သာ ခြတောင်ပို့တို့၊ ပျားအုံတို့ ဆိုတာ ဖြစ်တာဖြစ်တယ်။ ရှေ့ သုံးသုံးဆိုတာ နှံကောင်ရဲ့ထုံးသာ ဖြစ်တယ်ပေါ့။

ပုရွက်ဆိတ်တို့၊ ခြတို့၊ ပျားတို့ဆိုတဲ့ အကောင်တွေဟာ ကြိုးစားပြီး အလုပ်လုပ်ကြတယ်၊ ရသမျှတွေကို ရှာဖွေစုဆောင်းထားကြတယ်။ ဒီ အလေ့အထတစ်ခုဟာ အင်မတန်မှကောင်းတဲ့ အလေ့အထတစ်ခုဖြစ်တယ်။ ဒီအလေ့အထကို မိမိတို့ကိုယ်တိုင် ကျင့်သုံးမိအောင် သတိထားကြရမှာ ဖြစ်တယ်ပေါ့။

www.dhammadownload.com

လေးပုံပုံ တစ်ပုံက နေ့စဉ်အသုံးပြုတဲ့အထဲမယ် တစ်ပုံနဲ့လောက်အောင်သုံး။ နှစ်ပုံကိုတော့ အရင်းအနှီး အတွက် လုပ်ငန်းမှာထည့်သွင်းပြီး လေးခုမြောက်တစ်ပုံကိုတော့ emergency လိုအပ်တဲ့အချိန်မှာ အသုံးပြုဖို့ စုပါလို့ ဒီလိုဟောတာ။

ဒီအထဲမှာ အလျှုအတန်း ဝါသနာပါတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေက မေးကြလိမ့်မယ်။ ဘယ်အထဲကလျှုရမလဲဆိုရင် စားတဲ့ထဲကပဲ လျှုရမှာ ဖြစ်တယ်ပေါ့။ စုတဲ့ငွေဟာ တကယ့်ကိုထိန်းသိမ်းထားသင့်တဲ့ငွေ ဖြစ်တယ်ပေါ့။ အရေးကိစ္စကြုံလာတဲ့အခါ ကိုယ့်အတွက် အဆင်သင့်ဖြစ်ရမယ်။ ဒါက မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်ပဲ ဖြစ်တယ်ပေါ့။ အဲဒါကို **'သမဇိဝိတာ'** ဝင်ငွေထွက်ငွေ မျှမျှတတ သုံးစွဲတတ်အောင် လေ့ကျင့်ဖို့နဲ့ **'ကလျာဏမိတ္တ'** မိတ်ကောင်းဆွေကောင်းတွေရှိဖို့ မြတ်စွာဘုရားက ဆုံးမတယ်။

လူ့လောကမှာ ရှာသမျှ ပစ္စည်းဥစ္စာတွေဟာ အဖတ်မတင်ဘူး၊ အဖတ်မတင်အောင် ယိုပေါက်ကြီး

www.dhammadownload.com

ခြောက်ပေါက်ရှိတယ်။ အဲဒီ ယိုပေါက်ကြီးတွေကိုလည်း ပိတ်နိုင်ရမယ်။ တိုင်းပြည်တစ်ပြည်မှာ အချုံးပေါ်နေတယ်ဆိုတာ ယိုပေါက်ကြီးတွေ ရှိနေတယ်ဆိုတာ ထင်ရှားတယ်။

ဘယ်အလုပ်ဖြင့် အချုံးပေါ်နေတယ်၊ ဘယ်အရာဖြင့် အမြတ်မထွက်ဘူး ဆိုတာဟာ ယိုပေါက်တွေ ရှိနေတယ်လို့သာ မှတ်ရမှာဖြစ်တယ်ပေါ့။ ယိုပေါက်တွေကို ပိတ်နိုင်ပြီဆိုရင် ကြီးပွားတိုးတက်လာမှာ ဖြစ်တယ်။ **'အိတ်ပေါက်နဲ့ဖားကောက်'** ဆိုတဲ့ မြန်မာစကားလိုပဲ ယိုပေါက်တွေရှိနေရင်တော့ ရှာဖွေသမျှဟာ အပေါက်ကနေထွက်ပြီး အားလုံးကုန်မှာပဲဖြစ်တယ်။

စီးပွားဥစ္စာ မတည်ခြင်းရဲ့အကြောင်း ယိုပေါက်ကြီးတွေနဲ့ ပတ်သက်ပြီး ဘာဟောထားတုန်းဆိုရင် အပျင်းထူခြင်းဟာ ယိုပေါက်တစ်ခုပဲ။ ရှိတဲ့ အခြေအနေလေးနဲ့ ယစ်မူးမေ့လျော့နေခြင်းဟာလည်း ယိုပေါက်တစ်ခုပဲ။ ကြိုးကြိုးစားစား မရှာဖွေ၊ မထိန်းသိမ်းခြင်းဟာလည်း ယိုပေါက်ကြီးတစ်ခုပဲ။ ကိုယ့်ကိုကိုယ် မထိန်း

www.dhammadownload.com

သိမ်း၊ မစောင့်ရှောက်ခြင်းဟာလည်း ယိုပေါက်တစ်ခုပဲ။ အအိပ်ကြီးခြင်းဟာလည်း ယိုပေါက်တစ်ခုပဲ။ အချိန်ဆွဲခြင်းဟာလည်း ယိုပေါက်တစ်ခုပဲလို့ **ယိုပေါက်ခြောက်ပေါက်** ကို မြတ်စွာဘုရားက ဟောထားတယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်တွေဆိုတာဟာ သံသရာကထွက်မြောက်ဖို့ တစ်ခုတည်းအတွက်သာ ဟောတာမဟုတ်ဘူး။ သံသရာမှာ ချမ်းချမ်းသာသာနေဖို့၊ လူ့ဘဝ အဆင့်အတန်းမီမီ၊ အဆင့်အတန်းမြင့်မြင့် နေနိုင်ဖို့အတွက် လမ်းညွှန်မှုတွေ ပေးတာဖြစ်တယ်။ ဗုဒ္ဓကို မှီခိုအားထား ကြည်ညိုလေးစားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ဘုရား ဘာတွေဆုံးမခဲ့တယ်ဆိုတာ သိရှိနားလည်ပြီး အဆုံးအမအတိုင်း လိုက်နာကြမယ်ဆိုရင် **မင်္ဂလာတရားနဲ့အညီ နိုင်ငံသစ်ကိုတည်** ခြင်းပဲ ဖြစ်တယ်ပေါ့။

မြတ်စွာဘုရားက တစ်ခွန်းထဲ အလေးအနက်ပြောတာက ပြည်သူလူထု ပျင်းနေရင်မကောင်းဘူး၊ ပြည်သူလူထုက အလုပ်ကြိုးစားကြရမယ်။

www.dhammadownload.com

မကြိုက်ကြီးလေးရပ်မှာ ဦးဆောင်နေသူကို ရာဇာလို့ခေါ်တယ်၊ ဒီကနေ့ခေတ်မှာတော့အစိုးရ။ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့အစိုးရ သို့မဟုတ် မင်းစိုးရာဇာ။ အဲဒီ မင်းစိုးရာဇာဟာ အင်မတန်မှအရေးကြီးတယ်။ **ဘယ်အလုပ်ကိုလုပ်လုပ် အမြော်အမြင်ရှိရှိ လုပ်ရမယ်။** စဉ်းစဉ်းစားစား အမြော်အမြင်ကြီးမားစွာ လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်တယ်။ အကယ်၍ အမြော်အမြင်ကင်းမဲ့စွာ ပြုလုပ်လုပ်ပြီဆိုရင် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးသွားနိုင်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက သတိပေးတယ်။ **"ရာဇာ နာ သာဓု အနိသမ္မကာရီ"** ဘာလုပ်လုပ် ပညာနဲ့ဆင်ခြင် သုံးသပ်ပြီးမှ လုပ်ကိုင်ရမယ်။ မစဉ်းမစား အရမ်းလုပ်တာကို **အနိသမ္မကာရီ** လို့ခေါ်တယ်။ အဲဒီ မစဉ်းမစား အမြော်အမြင်ကင်းမဲ့စွာ ပြုလုပ်လိုက်ခြင်းဟာ အများအတွက် နစ်နာဆုံးရှုံးမှု ဖြစ်စေနိုင်တယ်။ ဒါကြောင့်မို့ တိုင်းပြည်ကို ဦးဆောင်တဲ့အစိုးရ

www.dhammadownload.com

ဆိုတာ အမြော်အမြင်ကြီးရမယ်၊ ဘာလုပ်လုပ် ဘာ စီမံကိန်းချချ အမြော်အမြင်ရှိရမယ်လို့ ဆိုလိုတယ်။

အမြော်အမြင်ရှိဖို့အတွက် ဘယ်သူတွေကို အားကိုးရမလဲဆိုရင် ခုနကပြောတဲ့ ပညာရှိတွေနဲ့ တွဲဖက်ရမယ်။ ပညာရှိတွေရဲ့အကြံဉာဏ်ကို ယူရမယ်။ စိတ်နှလုံးအေးချမ်းပြီးတော့ အမှန်အကန် စဉ်းစားနိုင်ဖို့အတွက် ဘာသာတရားအဆုံးအမကို လက်ခံကျင့်သုံးရမယ်။

ဒါကြောင့် ပညာရှိတို့ရဲ့အဆုံးအမ၊ ပညာရှိတို့ရဲ့ လမ်းပြမှုနဲ့ စီမံဆောင်ရွက်တဲ့ အလုပ်ကိစ္စမှန်သမျှဟာ လွဲမှားမှုမရှိဘူး၊ စဉ်းစဉ်းစားစား လုပ်သည့်အတွက်ကြောင့် မည်သူ့ကိုမှ မထိခိုက်ဘဲနဲ့ တိုင်းပြည်ဟာ တိုးတက်ကြီးပွားလာနိုင်တယ်။ ဒီ ဇာတက ဒေသနာမှာ မဏ္ဍိုင်ကြီးလေးရပ်ကို ပေါင်းစပ်ဟောကြားထားတာပဲ ဖြစ်တယ်ပေါ့။

ဒီကနေ့ခေတ်ပြောတဲ့ ဥပဒေပြုမဏ္ဍိုင်တို့၊ ဥပဒေဆိုတဲ့မဏ္ဍိုင်ဟာ ဘယ်အထဲမှာပါတာလည်းဆိုရင်

www.dhammadownload.com

ဒီအထဲမှာအကြုံးဝင်သွားတယ်။ ပညာရှိဆိုတဲ့ပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှုတွေထဲမှာ အကြုံးဝင်သွားတယ်။ မင်းစိုးရာဇာတွေ ထုတ်ပြန်တဲ့အထဲမှာလည်း အကြုံးဝင်သွားတယ်။ ဒါကြောင့်မို့ အခုပြောတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဒေသနာတော်အရ မဇ္ဈိုင်ကြီးလေးရပ် ဆိုသည်မှာ-

နံပါတ်တစ်–ဘာသာတရား ဟောပြောတဲ့ပုဂ္ဂိုလ်၊

နံပါတ်နှစ်–အသိပညာရှင် အတတ်ပညာရှင်၊

နံပါတ်သုံး–တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရ၊

နံပါတ်လေး– ပြည်သူလူထု။

ဒီလေးရပ်ဟာ ပေါင်းစပ်ပြီး တည်ရှိနေတာ ဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်ခြင်း ဟာ ညီညွတ်ခြင်းပဲ ဖြစ်တယ်ပေါ့။ အားလုံးဟာ ပူးပေါင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်ကြီးပွားမှုအတွက် လုံလောက်တဲ့ အင်အားတွေ ရှိလာမှာဖြစ်တယ်။

ပညာရှိကလည်း အစိုးရနဲ့ပူးပေါင်းပြီးလုပ်ရမယ်၊ တိုင်းသူပြည်သားတွေနဲ့ ပူးပေါင်းပြီး လုပ်ရမယ်။ ဘာသာတရားဟောကြားတဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ

www.dhammadownload.com

မြတ်စွာဘုရားရဲ့အဆုံးအမ၊ ဘာသာတရားရဲ့ အဆုံးအမ လူတွေရဲ့ရင်ထဲ နှလုံးထဲရောက်အောင် မပြတ်သွန်သင်ဆုံးမရမယ်။ အဲဒီနည်းနဲ့ နိုင်ငံသစ်ကို ထူထောင်လိုက်မယ်ဆိုရင် အားလုံး တိုးတက် ကြီးပွားသွားနိုင်တယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး။

၂၀၁၈-ခုနှစ်၊ **နိုင်ငံတကာနှစ်သစ်ကူး နှစ်ဦးမင်္ဂလာ** အခါသမယမှာ မင်္ဂလာရှိတဲ့နှစ်သစ် ဖြစ်ဖို့အတွက် ဒီကနေ့ နှစ်ဆန်းတစ်ရက်နေ့ကစပြီး မှန်ကန်တဲ့ စီမံကိန်းတွေ၊ ရည်မှန်းချက်တွေချမှတ်ပြီး လုပ်ဆောင်ကြရမှာဖြစ်တယ်။ လူတိုင်းလူတိုင်း ရည်မှန်းချက်ကြီးကြီးနဲ့ Newyear Resolution ကို ချမှတ်ထားကြရမှာဖြစ်တယ်။ လူတိုင်းလူတိုင်း ဒီ ၂၀၁၈ မှာ ဘာလုပ်မယ်၊ ဘယ်အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်လုပ်မယ်၊ လူငယ်လူရွယ်တွေ ဆိုလို့ရှိရင် ၂၀၁၈-ခုနှစ်မှာ "စီးပွားဥစ္စာ ဘယ်ရွှေ့ဘယ်မျှ တိုးတက်အောင် ကြိုးစားမယ်၊ အသိပညာတွေ ဘယ်ရွှေ့ဘယ်မျှ ရအောင် ကြိုးစားမယ်" ဆိုတဲ့ ဆုံးဖြတ်ချက် ရှိကြမှာပဲ

www.dhammadownload.com

ဖြစ်တယ်။ ဘာသာတရားကို ဟောပြောတဲ့ပုဂ္ဂိုလ်တွေ အနေနဲ့လည်းပဲ ပြည်သူပြည်သားတွေ အားလုံးဟာ စိတ်နှလုံး အေးချမ်းမှုရှိပြီး မှန်ကန်တဲ့အမြင်တွေ ရအောင် ကြိုးစားကြရမှာဖြစ်တယ်။ ပညာရှိတွေဟာ ဘေးထွက်ထိုင်မနေဘဲ တိုင်းပြည်အတွက် ကိုယ်ဖိရင်ဖိ လမ်းမှားတဲ့နေရာဆီကို မရောက်ရအောင် မှန်ကန်တဲ့ လမ်းကြောင်းပေါ် ရောက်သည်ထိအောင် ထိန်းကြောင်း ပြီး အလင်းရောင်ကို ပြကြရမှာဖြစ်တယ်။

ဒါကြောင့် ဘာသာတရား ဟောကြားတဲ့ပုဂ္ဂိုလ်၊ ပညာရှိ၊ အစိုးရ၊ ပြည်သူဆိုတဲ့ မဏ္ဍိုင်ကြီးလေးရပ် ပေါင်းစပ်လိုက်မယ်ဆိုရင် မင်္ဂလာတရားနဲ့အညီ တည်ထောင်တဲ့ နိုင်ငံသစ်ဟာ တိုးတက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်းသာယာတဲ့ အနေအထားမျိုး မကြာခင် ရောက်ရှိမယ်ဆိုတာ သေချာပါတယ်။

တရားချစ်ခင် သူတော်စင် ပရိသတ် အပေါင်းတို့။ တိုင်းပြည် အေးချမ်းသာယာတယ်ဆိုတာ မိမိတို့ တိုင်းပြည်ထဲမှာ ဆူးငြောင့်ခလုတ်တွေ မရှိခြင်းဘဲ

www.dhammadownload.com

ဖြစ်တယ်။ လူတိုင်းလူတိုင်းဟာ ပြည့်စုံတဲ့ဘဝမှာနေကြရပြီး လိုအင်ဆန္ဒတွေပြည့်ဝကြလို့၊ အိမ်တိုင်းအိမ်တိုင်းဟာ တံခါးဖွင့်အိပ်နိုင်လို့၊ မိမိတို့ရဲ့ သားငယ် သမီးငယ်လေးတွေ ရင်ခွင်မှာထားပြီးတော့ စိတ်နှလုံးအေးချမ်းစွာ နေနိုင်ဖို့အတွက် တစ်ဦးမေတ္တာတစ်ဦးမှာ ထားရှိမှုဟာ အရေးကြီးဆုံးပဲဖြစ်တယ်။

မေတ္တာဖြင့် ပူးပေါင်းမှု မရှိဘူးဆိုရင် အန္တရာယ်ကြုံလာတဲ့အခါ တစ်ဦးနဲ့တစ်ဦး အချင်းများမယ်၊ တစ်ဦးတစ်ဦး အပြစ်ရှာမယ်၊ တစ်ယောက်ရဲ့အမှား တစ်ယောက်စောင့်တယ်၊ အမှားကိုထောက်တယ် ဆိုတာတွေ လုပ်နေမယ် ဆိုရင်တော့ ဇာတကထဲမှာ ပါတဲ့ **"ငုံးနဲ့မုဆိုး ဇာတ်လမ်းလေး"** လို ဖြစ်သွားနိုင်တာကို သတိထားကြရမှာဖြစ်တယ်။

မုဆိုးတစ်ဦးဟာ ပိုက်နဲ့အုပ်ပြီးငုံးတွေကိုဖမ်းတယ်၊ အဲဒီငုံးတွေက သိပ်ပြီး ညီညွတ်ကြတယ်။ မုဆိုးက ပိုက်နဲ့အုပ်လိုက်တိုင်း ပိုက်ကိုခွဲပြီး အားလုံးစွမ်းအားနဲ့ ပျံသွားကြပြီး ဝေးလံတဲ့အရပ်ကို ရောက်တဲ့အခါ ဆူးခြုံ

www.dhammadownload.com

ပေါ် ပျံချလိုက်ကြတယ်။ ဆူးခြုံနဲ့ပိုက်ငြိပြီး အားလုံးဟာ ပိုက်အတွင်းက လွတ်ကင်းအောင် ပျံထွက်သွားကြတယ်။

မုဆိုးကပိုက်နဲ့အုပ်လိုက်တိုင်း တညီတညွတ်တည်း ပိုက်ကွန်ကိုချီပြီး ပျံသွားကြတယ်။ တစ်ကောင်နဲ့ တစ်ကောင် အချင်းမမျှားဘဲ ပူးပေါင်းဆောင်ရွက်ကြသည့်အတွက်ကြောင့် သူတို့ဟာ ဘေးရန်အန္တရာယ်က လွတ်မြောက်နေကြတယ်။

အဲဒီအခါမှာ မုဆိုးက ဘာပြောသလဲလို့ဆိုရင်-

သမ္မောဒမာနာ ဂစ္ဆန္တိ၊
ဇာလမာဒါယ ပက္ခိနော။

"ငုံးတွေဟာတဲ့ ပူးပေါင်းပြီးတော့ ပိုက်ကွန်ကြီးကို ချီသွားကြတာမှန်တယ်" သူ့ပိုက်ကွန်တွေ ဆုံးရှုံးတယ်။

ယဒါ တေ ဝိဝဒိဿန္တိ၊
တဒါ ဟေဿန္တိ မေ ဝသံ။

"တစ်နေ့ကျရင် သူတို့ဟာ အချင်းမျှားကြလိမ့်မယ်၊ တစ်ကောင်နဲ့တစ်ကောင်မတည့်ဘဲ အပြစ်ရှာလာကြ

www.dhammadownload.com

လိမ့်မယ်။ အဲဒီအချိန်ကျလို့ရှိရင် ဒီငုံးတွေ ငါ့လက်တွင်း အကုန်သက်ဆင်းလိမ့်မယ်။"

နေ့စဉ်နဲ့အမျှ ပိုက်ကွန်နဲ့ ငုံးတွေကိုအုပ်ပြီး ဖမ်းဖို့ ကြိုးစားတယ်။ မကြာခင်ပဲ ငုံးတွေဟာ အချင်းများလာကြတယ်။ တစ်ကောင်နဲ့တစ်ကောင် တက်နင်းမိတဲ့အခါမှာ သည်းခံနိုင်မှုမရှိကြဘူး၊ "ငါ့ခေါင်း ဘာကြောင့်နင်းရသလဲ" အချင်းများပြီး ရန်ဖြစ်ကြတယ်။ တစ်ကောင်နဲ့တစ်ကောင် ဆိတ်လာကြတယ်၊ စိတ်ဝမ်းကွဲလာကြတယ်၊ ပူးပေါင်းဆောင်ရွက်မှု မရှိတော့ဘူး၊ ငုံးတွေအချင်းများနေတုန်း နောက်က ပိုက်ကြိုးကို မုဆိုးကဆွဲလိုက်တယ်၊ ငုံးတွေအားလုံး ပိုက်တွင်း အကုန်မိသွားတယ်။ အဲဒီတော့ ငုံးတွေဟာ တညီတညွတ်တည်း ရှိနေသမျှ အန္တရာယ်က လွတ်နေကြတယ်။ အချင်းများပြီ ဆိုတဲ့အခါ မုဆိုးရဲ့လက်တွင်း သက်ဆင်းကြရတယ်။

ထို့အတူပဲ အခု မဏ္ဍိုင်ကြီးလေးရပ် **အစိုးရ၊ ပြည်သူ၊ ပညာရှိ၊ ဘာသာတရား** ဟောတဲ့**ပုဂ္ဂိုလ်**

www.dhammadownload.com

အားလုံး ပူးပေါင်းဆောင်ရွက်နေသမျှ ကာလပတ်လုံး တိုင်းပြည်ကြီးဟာ တိုးတက်သာယာနေမှာဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြဘူး၊ တစ်ယောက်အပြစ် တစ်ယောက်ဖို့နေကြမယ်ဆိုရင် ငုံးတွေရဲ့ ကံကြမ္မာမျိုး ဖြစ်သွားနိုင်တယ်ဆိုတာကို သတိထားကြရမှာ ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မြတ်ဗုဒ္ဓရဲ့ အဆုံးအမဖြစ်တဲ့ မင်္ဂလာတရားနဲ့အညီ နိုင်ငံသစ်ကို တည်ထောင်ကြမယ်ဆိုရင် ကြီးပွားတိုးတက်ပြီး မကြာခင် သာယာလှပတဲ့ အနာဂတ်ကို ဖော်ဆောင်နိုင်ကြမှာဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ ယုံကြည်သောစိတ်ထားဖြင့် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

www.dhammadownload.com

ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလျှဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇)၊ ၄၆၈)၊ သိမ်ကြီးစေ့း(ဒဂံ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၇၂၂၇၊ ၀၉-၇၃၉၀၃၉၇၀

www.dhammadownload.com

အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

www.dhammadownload.com

၁၉။ ဓမ္မမုတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ နစသော၊ နစအညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္သုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ကြွေဇြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြုံခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရာဇဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနုတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

www.dhammadownload.com

၀၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၀၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၀၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၀၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၀၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၀၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၁၀။ ကမ္မဋ္ဌာန်းဆရာ
၁၁။ ဇာတိမြေမှ သာသနာ
၁၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၁၃။ စရိုက်နှင့်ဝါသနာ
၁၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၁၅။ သာသနာပြုစွမ်းအားစု
၁၆။ လူဆိုးလူမိုက်
၁၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၁၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၁၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၂၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၂၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၂၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၂၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၂၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၂၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျော့ပါးရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

www.dhammadownload.com

၁၂၄။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇာယတော သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

www.dhammadownload.com

၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်